တံပ်အွ်ခံရ်ပိုန်လောတ်ကမိုန်တအာင်း

**Palaung State Liberation Front**

## "၅၃ နှစ်မြောက် တအာင်းအမျိုးသားတော်လှန်ရေးနေ့"

## ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ သဘောထားထုတ်ပြန်ချက်

### သဘောထားထုတ်ပြန်ချက်အမှတ် (၂/၂၀၁၆)

### ၁၂ ရက်၊ ဇန္နဝါရီလ၊ ၂၀၁၆ ခုနှစ်

တအာင်းအမျိုးသားတရပ်လုံး အဖိနှိပ်ခံဘဝမှလွတ်မြောက်ရန်အတွက် အာဏာရှင်စစ်အစိုးရအဆက်ဆက်ကို လက်နက်စွဲကိုင်တော်လှန်ဆန့်ကျင်လာခဲ့သည်မှာ ၂၀၁၆ ခုနှစ် ဇန္နဂါရီလ ၁၂ ရက်နေ့တွင် (၅၃) နှစ်ပြည့်မြောက်ခဲ့လေပြီ။

တအာင်းတမျိုးသားလုံး အဖိနှိပ်ခံဘဂမှလွတ်မြောက်ရေး၊ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုအာမခံသည့် တအာင်းပြည်နယ်တည်ဆောက်ရေး၊ မဟာလူမျိုးကြီးဂါဒနှင့်စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်သည့် အမျိုးသားတန်းတူညီမျှရေး၊ အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့်ကိုအာမခံသည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးတို့အတွက် တအာင်းတမျိုးသားလုံးတို့၏တော်လှန်ရေး ခရီးနှစ်ပေါင်း ၅၃ နှစ်တာကာလအတွင်း အသက်သွေးချွေး၊ အိုးအိမ်စည်းစိမ်များစွာကို ပေးဆပ်ရင်းနီးလှူဒါန်းခဲ့ကြသော မျိုးချစ်တအာင်းပြည်သူလူထုနှင့် တအာင်းအာဇာနည်ခေါင်းဆောင်များ၊ ရဲဘော်ရဲမေအပေါင်းတို့အား ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးမှ အစဉ်ဦးညွှတ်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် T.N.L.A သည် တအာင်းအမျိုးသားနိုင်ငံရေးရည်မှန်းချက် အမြန်ရရှိနိုင်စေရန်အတွက် တအာင်းလူထုကြီးနှင့်ပူးပေါင်းကာ စစ်ရေး၊ နိုင်ငံရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်လျှက်ရှိ ပါသည်။ ကျောက်မဲ၊ မိုးမိတ်၊ မိုးကုတ်၊ နမ့်ဆန်၊ မန်တုံ၊ နမ္မတူ၊ သီပေါ၊ လားရှိုး၊ သိန်းနီ၊ ကွတ်ခိုင်၊ နမ့်ခမ်းနှင့် မူဆယ်မြို့နယ် အစရှိသည့် တအာင်းဒေသများတွင် တအာင်းတပ်မတော် T.N.L.A တပ်ရင်းတပ်ဖွဲ့များအသီးသီး အခြေချလှုပ်ရှားလျှက်ရှိပါသည်။

တအာင်းလူမျိုးများအခြေချနေထိုင်ရာဌာနေဒေသတိုင်းတွင် တအာင်းတပ်မတော် T.N.L.A အခြေချကာကွယ်တပ်စွဲနိုင်ရေး ဦးတည်ချက်ဖြင့် ကြိုးပမ်းလာရာ ငါးနှစ်တာကာလအတွင်း တပ်ရင်း (၂၇) ခုဖြင့် စုစည်းထားသည့် တပ်မဟာ (၅) ခုကိုဖွဲ့စည်းလှုပ်ရှားနိုင်ခဲ့သည်မှာ တအာင်းလူမျိုးတို့၏ စည်းလုံးညီညွတ်မှုအကျိုးရလဒ် ဖြစ်သည်။ တအာင်းတပ်မတော် T.N.L.A တိုးတက်အားကောင်းလာရန် အဘက်ဘက်မှပိုင်းဝန်းကူညီခဲ့ကြသည်မှာ မဟာမိတ်တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ညီညွတ်မှု ပြယုဂ်ပင်ဖြစ်ပါသည်။

P.S.L.F/T.N.L.A သည် နိုင်ငံရေးပြဿနာကို နိုင်ငံရေးတွေ့ဆုံမှုနည်းလမ်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရေးကို အစဉ်လက်ကိုင်ထားပြီး၊ ၂၀၁၅ ရွေးကောက်ပွဲအနိုင်ရပါတီ ဖွဲ့စည်းမည့် အစိုးရသစ်နှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အဆင်သင့်ပြင်ဆင်ထားပါသည်။ လက်ရှိ မြန်မာအစိုးရနှင့် မိမိတို့ EAROs အဖွဲ့အစည်းများအကြားသဘောတူခဲ့သည့် NCA တပြည်လုံးအပစ်ရပ်စဲရေးစာချုပ် ကို NLD ဦးဆောင်သည့်အစိုးရသစ်နှင့်တွေ့ဆုံညှိနှိုင်းကာ EAROs အဖွဲ့အစည်းများ အားလုံး ပါဝင်နိုင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု စတင်ပြုလုပ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

တိုင်းရင်းသားဒေသအများစုတွင် မြန်မာအစိုးရတပ်မတော်မှ အပြင်းအထန်ထိုးစစ်ဆင်ခြင်း၊ စစ်အင်အားတိုးချဲ့နေရာယူထိန်းချုပ်ခြင်းများ ဆက်တိုက်ပြုလုပ်နေပါသဖြင့် တိုင်းရင်းသားလူမျိုးတိုင်း တော်လှန်ရေးသတိမြှင့်တင်ပြီး လက်နက်ကိုင်တပ်မတော်အင်အားရှိရန်၊ စစ်ရေးအရစုစည်းညီညွတ်မှုရှိရန် အထူးတိုက်တွန်းနှိုးဆော်အပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တအာင်းအမျိုးသားတို့၏နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်မရောက်မချင်း တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် P.S.L.F/T.N.L.A နှင့်အတူလက်တွဲတိုက်ပွဲဝင်ကြရန် တအာင်းမိဘပြည်သူတရပ်လုံးကို အလေးအနက်တိုက်တွန်းနှိုးဆော်ရင်း (၅၃) နှစ်ပြည့် တအာင်းအမျိုးသားတော်လှန်ရေး နှစ်ပတ်လည်နေ့သဘောထားကို ထုတ်ပြန်ကြေညာ လိုက်ပါသည်။

**"ဘုံပ်ဘိုန် ကုင်တအာင်း"**

**ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (P.S.L.F)**

**တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (T.N.L.A)**